ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ( ၁၁ ) ရက်

# အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် (၃၁) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို (၉.၁၂.၂၀၂၃) ရက်နေ့တွင် Zoom Online Webinar ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

**(၃၁) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးတွင် အောက်ပါအချက်များအား အတည်ပြုခဲ့ပါသည် -**

(က) ဒါရိုက်တာများအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများ အတည်ပြုခြင်း။

( ခ ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ပြင်ပစာရင်းစစ်အဖွဲ့ဖြစ်သော V-Advisory စာရင်းစစ်အဖွဲ့ စာရင်းစစ်များမှ စာရင်းစစ်အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းကို အတည်ပြုခြင်း။

( ဂ ) ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြင်ပစာရင်းစစ်အသစ် ခန့်အပ်ခြင်း၊
(၁) "V-Advisory စာရင်းစစ်အဖွဲ့"

(ဃ) ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များ နှုတ်ထွက်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အတွက် ဒါရိုက်တာအဖွဲ့အသစ် ရွေးချယ်ရာတွင် ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသော ဒါရိုက်တာ (၁၂) ဦးအနက် အဆိုပြုသူ (၉) ဦးဖြစ်ပါ၍ အဆိုပါ (၉) ဦးနှင့် သီးခြားလွတ်လပ်သော ဒါရိုက်တာ (၁) ဦး တင်မြှောက်ခြင်းကို အတည်ပြုခြင်း။

**ဒါရိုက်တာ (၉) ဦး**

(က) ဦးမင်းမင်း

( ခ ) ဦးတိုးအောင်မြင့်

( ဂ ) ဦးစိုးနိုင် (ခ) ဦးကိုကိုကြီး

(ဃ) ဦးလှဦး

( င ) ဦးထွန်းလွင်

( စ ) ဦးအုန်းဆိုင်

(ဆ) ဒေါ်ခင်မာမြင့်

( ဇ ) ဦးအောင်အောင်

(ဈ) ဦးအောင်စိုး

**သီးခြားလွတ်လပ်သော ဒါရိုက်တာ (၁) ဦး**

(က) ဦးဌေးချွန်

၂။ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးတွင် တင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံဗဟိုဘဏ်၏ အမြတ်ဝေစုခွဲဝေခြင်း ညွှန်ကြားချက်အမှတ် (၅/၂၀၁၇)၊ အပိုဒ် ၂ (ခ) ပါ "ရလမ်းမရှိသောနှင့် ရရန် မသေချာသော အသားတင်ချေးငွေ (Net Non-Performing Loan) နှင့် စုစုပေါင်း ချေးငွေ (Total Loan) အချိုးသည် ၅% အောက်ရှိခြင်း" ဟူသည့်ဖော်ပြချက်နှင့် မကိုက်ညီဘဲ မြန်မာနိုင်ငံသားများဘဏ်၏ "ရလမ်းမရှိသောနှင့် ရရန်မသေချာသော အသားတင်ချေးငွေ (Net Non-Performing Loan) နှင့် စုစုပေါင်း ချေးငွေ (Total Loan) အချိုးမှာ ၅% အထက် ကျော်လွန်နေသည့်အတွက် (၃၁) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အမြတ်ဝေစုခွဲဝေရန် မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့